## **တောင်တွင်းကြီးမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ**

**================================**

### **ဒေသသမိုင်းအကျဉ်း**

**********************

တောင်တွင်းကြီးမြို့နယ်သည် ဂေါတမဗုဒ္ဓ ပွင့်ထွန်းတော်မမူခင်ကပင် တည်ထောင်ခဲ့သောမြို့ ဖြစ်ပါသည်။ ဂေါတမဘုရား ပွင့်တော်မမူမီ နှစ်ပေါင်း(၃၅၈)နှစ်က မဇ္ဈိမဒေသ သက်ဿနဂိုလ်ပြည့်ရှင် ဘေရိန္ဒမင်း၏သားတော် သာဂရနှင့်သာဂီရမင်းတို့မှ စတင်တည်ထောင်ခဲ့ပြီး ဇေယျဝပုဏ္ဏတိုင်း၊ ပုဏ္ဏာ ဝတီပြည်ဟု သမုတ်ခဲ့ပါသည်။ မင်း(၉)ဆက် နန်းစံခဲ့ပြီးနောက် နှစ်ပေါင်း(၁၃၀၀) ခုနှစ်တွင် မင်းဆက် ပျက်သုဉ်းခဲ့ပါသည်။ သာသနာသက္ကရာဇ်(၁၀၀) မတိုင်မီကာလတွင် တောင်တွင်းကြီးမြို့ အနောက် ဘက် (၁၂)မိုင်အကွာ၌ ပန်ထွာဘုရင်မမှ ဗိဿနိုးမြို့ကို တည်ထောင်အုပ်စိုခဲ့သဖြင့် ပျူယဉ်ကျေးမှု ထွန်းကားခဲ့ပါသည်။ ကောဇာသက္ကရာဇ် (၁၉၁) ခုနှစ်တွင် မဇ္ဈိမဒေသ ကာလိင်္ကမင်း၏ သားတော် မင်းပြောင်၊ မင်းရောင်၊ မင်းနောင်၊ မင်းနဂါး၊ နှမမယ်စောတို့ မြို့ပြထီးနန်းတည်ထောင်ရန် ရောက်ရှိလာပြီး ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်များစွာကိုပါ တည်ထောင်ခဲ့ပါသည်။ ယင်းခေတ်တွင် တောင်များ၏အတွင်းတည်ရှိခြင်း၊ ရေအလျဉ်သည် ခိုတောင်ကို ထိုးဖောက်စီးဆင်းခြင်းတို့ကို အကြောင်းပြု၍ တောင်တွင်းကြီးမြို့ဟု သမုတ်ခဲ့ပါသည်။ ၎င်းမင်းဆက်နောက်ပိုင်းတွင် မြို့ပြတိမ်ကောပြီးနောက် သီရိဇေယျ သူရမင်းက ထီးနန်းပြန်လည်စိုက်ထူခဲ့ပါသည်။ ပုဂံပြည်နရပတေ့မင်း လက်ထက်တွင် တရုတ်တို့စစ်ချီသဖြင့် ပုဂံပြည်သာမက တောင်တွင်းကြီးမြို့တွင်လည်း စစ်ဘေး ရှောင်ရသည့် အကျိုးဆက်ကြောင့် မြို့ပြမေးမှိန်ခဲ့ရပါသည်။ ပုဂံပြည်ကျော်စွာမင်းလက်ထက်တွင် တူ တော်ဖြစ်သူ သီဟပတေ့က တောင်တွင်းကြီးမြို့ကို မင်းအဖြစ် အုပ်စိုးပြီး ဘုရား၊ ပုထိုး၊ ကျောင်း၊ ကန်တည်ဆောက်ခြင်း လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ခဲ့ပါသည်။ ၎င်း၏မြေးတော် သိခ်သူစောနောင်အား အင်းဝဘုရင်မင်းကြီး စွာစော်ကဲမှ ခေါ်ယူပြီးနောက် မင်းဆက်ပြတ်သွား ခဲ့ပါ သည်။ မြန်မာသက္ကရာဇ် (၈၄၃) ခုနှစ်တွင် ဇေယျကျော်ထင်မင်းက ထီးနန်းစိုက်ခဲ့ပါသည်။ ၎င်းမင်း လက်ထက်တွင် စာပေအရာ၌ ထင်ရှားသော ပေလေးပင်၊ ရှင်လေးပါး အကျော်အမော်များ ပေါ်ထွန်းခဲ့ သည်။ ထိုးမင်းဆက်မှ စည်သူကျော်မင်း၏ နောက်တွင် ဘုရင့်နောင်မင်းတရားကြီး အုပ်ချုပ်မှုအောက် သို့ ရောက်ရှိခဲ့သည်။ ညောင်ရမ်းမင်းတရားကြီး လက်ထက်တွင် သားတော်အနောက်ဘက်လွန်မင်း တရားကြီးမှ ဖွားတော်မူသော မဟာဓေတရာဇ်နမင်းသားကို တောင်တွင်းကြီးမြို့၌ ပြည်စိုးအခရာ ထားအုပ်ချုပ်ခဲ့ပါသည်။ ကောဇာသက္ကရာဇ် (၁၁၀၆)ခုနှစ်တွင် တောင်တွင်းကြီးမြို့နယ် လက်ပန်ရှည် ရွာမှ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ပထမံဘိုးဘိုးအောင်ပေါ်ထွန်းခဲ့ပါသည်။ မဟာဓေတရာဇ်မင်းနောက်ပိုင်း တွင် ထီးနန်းစံနေနိုင်သူမရှိတော့လဲ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်မင်း အသီးသီးတို့၏ လက်အောက်ခံမြို့ဝန်၊ မြို့သူကြီးတို့သာ အုပ်ချုပ်စီမံကွပ်ကဲခဲ့ပါသည်။ မင်းပေါင်း(၄၁)ပါး ထီးနန်းစိုက် အုပ်ချုပ်ခဲ့ကြပြီး ယဉ်ကျေးမှု အမွေအနှစ်များစွာ ရှိသော်လည်း ၁၉၈၁

ခုနှစ်ဧပြီလ(၁၁)ရက်နေ့တွင် တစ်မြို့လုံးနီးပါး မီးလောင်ကျွမ်းမှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ဆုံးရှုံးခဲ့ပါသည်။ မြို့နယ်ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ (၅.၃.၁၉၇၃) ရက်စွဲပါ စာအမှတ်၊ ၃/၁၁၉/အထ၂ ကြော်ငြာစာတို့ဖြင့် အတည်ပြုသတ်မှတ်ထားသည့်အတိုင်း ဖွဲ့စည်းထားပါသည်။



## တည်နေရာနှင့်အကျယ်အဝန်း

တောင်တွင်းကြီးမြို့နယ်သည် မြောက်လတ္တီတွဒ် (၁၉)ဒီဂရီ(၃၀)မိနစ်နှင့် (၂၀)ဒီဂရီ (၇)မိနစ် ကြား၊ အရှေ့လောင်ဂျီတွဒ် (၉၅)ဒီဂရီ (၁၈)မိနစ်နှင့် (၉၅)ဒီဂရီ (၄၉)မိနစ်အကြားတွင်တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၂၇)မိုင်နှင့် တောင်မှမြောက်သို့ (၂၅)မိုင်ရှည်လျားပါသည်။ တောင်တွင်းကြီးမြို့ နယ်၏ အကျယ်အဝန်းမှာ (၇၆၀)ရေိယာစတုရန်းမိုင်နှင့် မြို့၏ အကျယ်အဝန်းမှာ (၃.၁၄)ရေိယာ စတုရန်းမိုင်ဖြစ်ပါသည်။

## နယ်နိမိတ်

တောင်တွင်းကြီးမြို့နယ်၏ အရှေ့ဘက်တွင် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်၊ တောင် ဘက်တွင် ဆင်ပေါင်ဝဲမြို့နယ်နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် မကွေးမြို့နယ်နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် မြို့သစ်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။

## မြေမျက်နှာသွင်ပြင်

တောင်တွင်းကြီးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက်(၄၃၅) ပေတွင် တည်ရှိပါသည်။ အရှေ့ဘက်မှာမြင့်၍ အနောက်ဘက်သို့ဆင်ခြေလျောနိမ့်ဆင်းပြီး အများအားဖြင့် ညီညာပြန့်ပြူးမှုရှိ ပါသည်။ ထို့ကြောင့် ချောင်းများမှာ အရှေ့ဘက်မှအနောက်ဘက်သို့ စီးဆင်းပြီးတောင်လှည့်ချောင်း၊ ဘရုံချောင်း၊ တောင်အူချောင်း၊ သုံးခုသာတောင်မှ မြောက်သို့စီးဆင်းပါသည်။

## ရေဆင်း

ရေဆင်းအနေဖြင့် စတုံချောင်းသည် ပဲခူးရိုးမမှ စီးဆင်းလာပြီး ချင်းကုန်းရွာအနီးတွင် ငမင်း ချောင်း အတွင်းပေါင်းဆုံ၍ ဆက်လက်စီးဆင်းပြီး ညောင်ကုန်းကျေးရွာအနီးတွင် ယင်းချောင်း အတွင်းပေါင်းဆုံ၍ စီးဆင်းပါသည်။ ရန်ပယ်ချောင်းသည် ဆင်ချီတိုင်ကျေးရွာအနီးမှ စတင်စီးဆင်း လာပြီး ယင်းချောင်းနှင့် ပေါင်းဆုံပါသည်။ ၎င်းရန်ပယ်ချောင်းအနီးတွင် ငါးဇင်ရိုင်းချောင်း၊ ညောင် ချောင်း၊ ယင်းမလည်ချောင်း၊ ကြွယ်ချောင်း၊ တောင်အူချောင်းတို့ ပေါင်းဆုံစီးဆင်းပါသည်။ ကင်ပွန်း

တောင်ချောင်းသည် ချင်းသပြေပင် ကျေးရွာအနီးတွင် ချောင်းဖျားခံ၍ ကျခတ်ကန်ကျေးရွာရှိ ကန်သုံး ဆင့်ကန် အတွင်းသို့စီးဝင်ပါသည်။

**<u>ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်</u>**

တောင်တွင်းကြီးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၄၃၅)ပေ အထက်တွင် တည်ရှိပါသည်။

**<u>ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်</u>**

**<u>ရာသီဥတု</u>**

တောင်တွင်းကြီးမြို့နယ်သည် ပူအိုက်ခြောက်သွေ့သောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၄.၉ ဒီဂရီစင်တီဂရိတ် )နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၅.၀ ဒီဂရီစင်တီဂရိတ်)ဖြစ်ပါသည်။



**<u>သဘာဝပေါက်ပင်များ</u>**

တောင်တွင်းကြီးမြို့နယ်တွင် ပေါက်ရောက်သည့်သဘာဝပေါက်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး ၊ သစ်ယာ၊ ပိတောက်၊ တမလန်း၊ ဒဟတ်၊ အင်၊ စစ်စေး၊ သပွတ်၊ တမာ၊ ကသစ်၊ ဘိုင်း၊ ဒီဒူး၊ လက်ပံ၊ ပေါက်၊ ရှား၊ သန်း၊ ထနောင်း၊ ကုက္ကိုပင်များဖြစ်ပါသည်။

**<u>သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ</u>**

တောင်တွင်းကြီးမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးရိုးမတောင်တန်းကြီးနှင့် ဆက်စပ်လျက်ရှိ ပြီး သဘာဝတောတောင်များ ဝန်းရံတည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်းမှာ စိမ်းလန်းစိုပြေ ကောင်းမွန်လျက်ရှိပါသည်။

**<u>သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ</u>**

တောင်တွင်းကြီးမြို့နယ်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ကျွန်းအစားထိုးပင်များစိုက်ပျိုးခြင်း၊ အခြားအဖိုးတန်သစ်ပင်များ စိုက်ပျိုး ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**<u>သဘာဝဘေးအန္တရာယ်ကျရောက်မှု</u>**

တောင်တွင်းကြီမြို့နယ်သည် မိုးခေါင်ရေရှားရပ်ဝန်းအတွင်းတွင် တည်ရှိသဖြင့် မီးဘေး/ လေဘေး အန္တရာယ်များကျရောက်လေ့ရှိပါသည်။

**<u>လူဦးရေဆိုင်ရာအချက်အလက်များ</u>**

**<u>နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ</u>**

| | |
|---|---|
| ၁။ ကချင် | ၆ |
| ၂။ ကယား | ၁၂ |
| ၃။ ကရင် | ၅ |
| ၄။ ချင်း | ၆၃၈၂ |
| ၅။ မွန် | - |
| ၆။ ဗမာ | ၂၆၁၂၅၉ |
| ၇။ ရခိုင် | ၂၁ |
| ၈။ ရှမ်း | ၁၄ |
| **မြို့နယ်ချုပ်-** | **၂၆၇၆၄၅** |



**<u>အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ</u>**

တောင်တွင်းကြီးမြို့နယ်၏ ၂၀၁၉-ခုနှစ် စက်တင်ဘာလကုန်အထိ လူဦးရေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**<u>အိမ်ခြေ/အိမ်ထောင်စု</u>**

တောင်တွင်းကြီးမြို့နယ်တွင်

မြို့ပေါ်ရှိအိမ်ခြေ (၈၉၅၈)အိမ်၊ အိမ်ထောင်စု(၉၉၉၃)စုရှိပြီး

ကျေးလက်နေအိမ်ခြေ(၄၅၃၈၉)အိမ်၊ အိမ်ထောင်စု(၄၇၅၇၄)စုရှိရာ

စုစုပေါင်းအိမ်ခြေ (၅၄၃၄၇)အိမ်၊နှင့် အိမ်ထောင်စု(၅၇၅၆၇)စုရှိပါသည်။

**<u>လူဦးရေ</u>**

**<u>အသက်(၁၈)နှစ်အထက်</u>**

မြို့ပေါ်နေကျား(၁၄၉၇၂)ဦး၊မ(၁၇၂၂၅)ဦး၊စုစုပေါင်း(၃၂၁၉၇)ဦး၊

ကျေးလက်နေကျား(၆၅၉၀၆)ဦး၊မ(၇၃၄၉၉)ဦး၊စုစုပေါင်း(၁၃၉၄၀၅)ဦး

မြို့နယ်အတွင်းကျားစုစုပေါင်း(၈၀၈၇၈)၊မစုစုပေါင်း(၉၀၇၂၄)စုစုပေါင်း(၁၇၁၆၀၂)ဦး

**အသက်(၁၈)နှစ်အောက်**

မြို့ပေါ်နေကျား(၇၆၉၉)ဦး၊မ(၇၆၄၁)ဦး၊စုစုပေါင်း(၁၅၃၄၀)ဦး၊

ကျေးလက်နေကျား(၄၁၀၈၉)ဦး၊မ(၄၀၆၈၈)ဦး၊စုစုပေါင်း(၈၁၇၇၇)ဦး

မြို့နယ်အတွင်းကျားစုစုပေါင်း(၄၈၇၈၈)၊မစုစုပေါင်း(၄၈၃၂၉)စုစုပေါင်း(၉၇၁၁၇)ဦး

**အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ**

**အုပ်ချုပ်ရေးမှူးရုံးများ**

မြို့နယ်အုပ်ချုပ်ရေးမှူး(၁)ဦး

မြို့နယ်ရုံး(၁)ရုံး၊ ရပ်ကွက်ရုံး(၁၀)ရုံး၊ ကျေးရွာအုပ်စုရုံး(၇၂)ရုံး

**တောင်တွင်းကြီးမြို့နယ်ရှိ ဌာနဆိုင်ရာများ**

၁။မြို့နယ်ထွေ/အုပ်ဌာန

၂။မြို့နယ်တရားရုံး

၃။မြို့နယ်ဥပဒေရုံး



၄။မြို့နယ်ကော်မရှင်ရုံး

၅။မြို့နယ်စာရင်းစစ်ရုံး

၆။မြန်မာနိုင်ငံရဲတပ်ဖွဲ့

၇။ကျေးလက်လမ်း

၈။မီးသတ်ဦးစီးဌာန

၉။စည်ပင်သာယာရေးအဖွဲ့

၁၀။ပြန်/ဆက်

၁၁။သာသနာရေးဦးစီးဌာန

၁၂။သမဝါယမဦးစီးဌာန

၁၃။စိုက်ပျိုးရေးလုပ်ငန်း

၁၄။မြေစာရင်းဦးစီးဌာန

၁၅။ဆည်မြောင်း

၁၆။စက်မှုလယ်ယာ

၁၇။တိ/မွေး/ကု

၁၈။ဆက်သွယ်ရေး(အော်တို)

၁၉။မိုးလေဝသနှင့်ဇလဗေဒ

၂၀။ပတ်ဝန်းကျင်/သစ်တော

၂၁။မြန်မာ့လျှပ်စစ်လုပ်ငန်း

၂၂။ဓါတ်အာခွဲလုပ်ငန်း

၂၃။လဝက

၂၄။စားသုံးသူရေးရာဦးစီးဌာန

၂၅။အား/ကာ

၂၆။ပညာရေး

၂၇။မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန

၂၈။တိုင်းရင်းဆေး

၂၉။ကျေးလက်ဖွံ့ဖြိုးရေး



၃၀။မြန်မာ့စီးပွားရေးဘဏ်

၃၁။ပြည်တွင်းအခွန်များ

၃၂။စီမံကိန်း

၃၃။လမ်းဦးစီးဌာန

၃၄။မီးရထား

၃၅။ငါးလုပ်ငန်းဦးစီးဌာန

၃၆။စိမ်းစို

၃၇။ဝါကြိတ်စက်ရုံ

၃၈။အမှတ်(၉၅)သစ်စက်

၃၉။လယ်ယာဖွံ့ဖြိုးရေးဘဏ်

၄၀။ဆက်သွယ်ရေး(စာတိုက်)

၄၁။လက်ညှွန်(၃)ရုံးတည်ဆောက်ရေး(၃)ဆည်မြောင်း

၄၂။မြန်မာရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ

၄၃။လက်ညှွန်(၁)ရုံးတည်ဆောက်ရေး(၃)ဆည်မြောင်း

၄၄။ရှေး/သု

**<u>နိုင်ငံရေးပါတီများ</u>**

၁။ပြည်ခိုင်ဖြိုး

၂။NLD

၃။အမျိုးသားဒီမိုကရေစီအင်အားစု

၄။တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

၅။မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ

၆။ညီညွတ်သောဒီမိုကရက်တစ်ပါတီ

၇။အရှိုချင်းအမျိုးသားပါတီ

၈။ဗမာ့ပြည်သူ့ပါတီ

၉။ပြည်သူ့အကျိုးဆောင်ပါတီ



**<u>ရွေးချယ်ခံရသောလွှတ်တော်ကိုယ်စားလှယ်များ</u>**

| | |
|---|---|
| ဦးမင်းသိန်း | (ပြည်သူ့လွှတ်တော်) |
| ဦးအောင်ကြည်ညွန့် | (အမျိုးသားလွှတ်တော်) |
| ဦးဇော်မင်းထွန်း | (တိုင်ဒေသကြီး-၁) |
| ဦးဝင်းမြင့်လှိုင် | (တိုင်းဒေသကြီး-၂) |

**<u>စီးပွားရေးဆိုင်ရာအချက်အလက်</u>**

## စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

တောင်တွင်းကြီးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသအတွင်းတွင် တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ လူထုသည် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထို့အပြင် ပွဲရုံလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ တောင်တွင်းကြီးမြို့နယ်သည် ဒေသ အနှံ့အပြားသို့ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့နယ် ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်များမှာ စပါးဖြစ်ပြီး ရန်ကုန်၊မန္တလေး၊ နေပြည်တော် ဒေသ များသို့ အများဆုံးတင်ပို့ရောင်းချပါသည်။ တောင်တွင်းကြီးမြို့နယ်သည် ရန်ကုန်၊ မန္တလေး၊ နေပြည် တော် ဒေသမှ လူသုံးကုန်ပစ္စည်းများကို အဓိကတင်သွင်းကြပါသည်။

## စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ

### ကုမ္ပဏီ၊ ပွဲရုံများ၊ ဈေးနှင့် ကုန်တိုက်များ

ကုမ္ပဏီ မရှိပါ။

### ပွဲရုံများနှင့် တည်နေရာ

၁။ဦးမောင်ကို (ရွှေအိုး-၂)

၂။ဦးပြုး (ရွှေအိုး-၂)

၃။ဦးချို (ရွှေအိုး-၂)

၄။ဦးမြင့်ဆွေ (ရွှေအိုး-၂)

၅။ဒေါ်သန်းမြင့် (ရွှေအိုး-၂)

၆။ဦးသံချောင်း (ရွှေအိုး-၂)

၇။ဦးတင့်ဇော် (ရွှေအိုး-၂)



၈။ဦးကျော်ဝင်း (ရွှေအိုး-၂)

၉။ဦးသြကြီး (ရွှေအိုး-၂)

၁၀။ဦးသိန်းတင် (မောင်းတိုင်-၂)

၁၁။ဒေါ်ညိုမြ (မောင်းတိုင်-၂)

၁၂။ဦးမြင့်နိုင် (မောင်းတိုင်-၂)

၁၃။ဒေါ်ချောစုလှိုင် (မောင်းတိုင်-၂)

၁၄။ဦးဇော်အောင် (မောင်းတိုင်-၂)

၁၅။ဦးဝင်းဇော် (မောင်းတိုင်-၂)

၁၆။ဦးရဲစိုး (မောင်းတိုင်-၂)

၁၇။ဒေါ်မြတ်မာ (ရွှေကြာအင်း-၂)

၁၈။ဦးသန်းနိုင် (ရွှေကြာအင်း-၂)

၁၉။ဦးမြင့်သိန်း (ရွှေကြာအင်း-၂)

၂၀။ဦးသန်းစိုးဝင်း (ရွှေကြာအင်း-၂)

၂၁။ဦးအောင်ရွှေ (ညောင်ပင်လှကျေးရွာ)

၂၂။ဦးစိုးမြင့်နိုင် (ညောင်ပင်လှကျေးရွာ)

၂၃။ဦးထွန်းထွန်းဝင်း (တောင်ပြင်-၂)

၂၄။ဒေါ်ကြူကြူ (တောင်ပြင်-၂)

၂၄။ဦးသောင်းညွန့် (ရွှေအိုး-၁)

၂၅။ဦးဉာဏ်တင် (ရွှေအိုး-၁)

၂၆။ဦးမောင်မောင် (ရွှေအိုး-၁)

၂၇။ဦးညွန့်ဝင်း (ရွှေအိုး-၁)

၂၈။ဒေါ်တင်လှိုင်ထွေး (ရွှေအိုး-၁)

၂၉။ဒေါ်ငွေးငွေးဝင်း (ရွှေအိုး-၁)

၃၀။ဒေါ်ခင်ဝင်းရီ (ရွှေအိုး-၁)

၃၁။ဦးဝင်းကျော်ဦး (အုန်းတော-၁)

၃၂။ဦးနေလင်း(အုန်းတော-၁)



၃၃။ဦးစန်းမြင့် (အုန်းတော-၂)

၃၄။ဦးဝင်းမြင့် (မောင်းတိုင်-၁)

၃၅။ဦးအောင်မြင့်ဆွေ (မောင်းတိုင်-၁)

၃၆။ဦးကျော်နိုင် (မောင်းတိုင်-၁)

**ဈေးများနှင့် တည်နေရာ**

၁။မြို့မဈေး(ရွှေကြာအင်း-၂)

၂။ဒက္ခိဏဈေး(တောင်ပြင်-၁)

၃။ချောင်းနက်ဈေး(ချောင်းနက်ကျေးရွာ)

၄။ဆတ်သွားဈေး(ဆတ်သွားကျေးရွာ)

၅။ပရပ်ကြယ်ဈေး(ပရပ်ကြယ်ကျေးရွာ)

၆။မထီဈေး(မထီကျေးရွာ)

၇။ကုက္ကိုခွဈေး(ကုက္ကိုခွကျေးရွာ)

၈။တောင်လျောင်းဈေး(တောင်လျောင်းကျေးရွာ)

၉။ကုက္ကိုကုန်းဈေး(ကုက္ကိုကုန်းကျေးရွာ)

**ကုန်တိုက်များနှင့်တည်နေရာ**

၁။သမ္မာအာဇီဂ Shopping Mall (ရွှေကြာအင်း-၂)

**ဘဏ်များ**

၁။ မြန်မာ့စီးပွားရေးဘဏ်

၂။ ရိုးမဘဏ်

၃။ AGD ဘဏ်

၄။ MOB ဘဏ်

၅။ CB ဘဏ်

၆။ KBZ ဘဏ်

၇။ မြဝတီ ဘဏ်



**စတိုးနှင့်အရောင်းဆိုင်များ(အရေအတွက်)**

၁။ စတိုးဆိုင် (၂၆)

၂။ ရွှေဆိုင် (၃၀)

၃။ လျှပ်စစ်ပစ္စည်းအရောင်းဆိုင် (၁၇)

၄။ ဖုန်း/ဖုန်းပစ္စည်းအရောင်းဆိုင်(၁၄)

၅။ စာအုပ်ဆိုင် (၃)

၆။ ဆေးဆိုင် (၉)

၇။ စားသောက်ဆိုင် (၂၁)

၈။ လက်ဖက်ရည်ဆိုင် (၃၂)

၉။ ကုန်မာဆိုင် (၉)

၁၀။ စိုက်ပျိုးရေးပစ္စည်းဆိုင် (၁၃)

၁၁။ ဆောက်လုပ်ရေးပစ္စည်းဆိုင် (၄)

၁၂။ ဝန်ဆောင်မှုလုပ်ငန်းဆိုင် (၅၇)

၁၃။ ဆန်ဆိုင် (၂၁)

၁၄။ အဝတ်အထည်ဆိုင် (၁၆)

၁၅။ နိဗ္ဗာန်ကုန်ဆိုင် (၂)

**<u>မြေအသုံးချမှု</u>**

၁။ အသားတင်စိုက်ပျိုးမြေ (၁၈၈၅၈၈)ဧက

(က) လယ်မြေ (၉၁၃၄၂)

(ခ) ယာမြေ (၉၇၂၄၆)

(ဂ) ကိုင်း/ကျွန်းမြေ –

(ဃ) ဥယျာဉ်မြေ –

(င) ဓနိ –

၂။ စက်မှုလုပ်ငန်းသုံးမြေ (၁၅၃၀၁)

၃။ မြို့မြေ (၂၀၀၉)

| | | |
|---|---|---|
| ၄။ | ရွာမြေ | (၈၆၂၃) |
| ၅။ | အခြားမြေ | (၁၄၈၀၈) |
| ၆။ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာ | (၁၃၆၀၇၇) |
| ၇။ | တောရိုင်း | (၂၆၃၀၈) |
| ၈။ | မြေရိုင်း | (၅၉၄၆၁) |
| ၉။ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | (၃၅၂၂၈) |

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

**(က)အစိုးရဆည်များ**

| | | |
|---|---|---|
| ၁။ငမင်တမံ | (မြေသားတမံအမျိုးအစား) | အကျိုးပြုဧက(၄၀၀၀) |
| ၂။ကန်တော်ကြီးကန် | (မြေသားတမံအမျိုးအစား) | အကျိုးပြုဧက(၁၃၀၀) |
| ၃။ယင်းမလည်ဆည် | (ကွန်ကရစ်အမျိုးအစား) | အကျိုးပြုဧက(၆၂၀၀) |
| ၄။ကင်မွန်းတောင်တမံ | (မြေသားတမံအမျိုးအစား) | အကျိုးပြုဧက(၅၀၀၀) |
| ၅။ဘန်းကုန်းတမံ | (မြေသားတမံအမျိုးအစား) | အကျိုးပြုဧက(၂၀၀၀) |
| ၆။ရန်ပယ်တမံ | (မြေသားတမံအမျိုးအစား) | အကျိုးပြုဧက(၁၀၀၀၀) |

**(ခ)ကိုယ့်အားကိုယ်ကိုးဆည်များနှင့် အကျိုးပြုဧက**

| | | |
|---|---|---|
| ၁။သတိုးဆည် | (ရေလွှဲ)၊ | (-)ဧက |
| ၂။စတုံဆည်အောက် | (ရေလွှဲ)၊ | ၊(၂၀၀)ဧက |
| ၃။စတုံဆည်အောက် | (ရေလွှဲ)၊ | (၄၀၀)ဧက |
| ၄။စတုံဆည်အောက် | (ရေလွှဲ)၊ | (၂၅၀)ဧက |
| ၅။စတုံဆည်အောက် | (ရေလွှဲ)၊ | (၁၆၁)ဧက |
| ၆။ကြိုးကြာကန် | (ကန်)၊ | (၁၀၀)ဧက |
| ၇။သတိုးကန်ဆည် | (ရေလွှဲ)၊ | ၊(၅၀၀)ဧက |
| ၈။မြို့ပေါက်ကန် | (ကန်)၊ | (၃၅)ဧက |

၉။ရန်ပယ်ချောင်း (ရေလွှဲ)၊ ၊(၂၀၀)ဧက

၁၀။စစ်တိုင်းချောင်း (ရေလွှဲ)၊ ၊(၁၂၀)ဧက



၁၁။ရန်ပယ်ချောင်း (ရေလွှဲ)၊ (၄၈၀)ဧက

၁၂။တောင်အူဆည် (ရေလွှဲ)၊ (၃၀၀)ဧက

၁၃။ပတ်တာဆည် (ရေလွှဲ)၊ (၂၀၀)ဧက

၁၄။သစ်စိမ့်ပင်ဆည် (ရေလွှဲ)၊ (၁၅၀)ဧက

၁၅။ရန်ပယ်ချောင်း (ရေလွှဲ)၊ (၃၅၀)ဧက

၁၆။ရန်ပယ်ချောင်း (ရေလွှဲ)၊ (၂၀၀)ဧက

၁၇။ရန်ပယ်ချောင်း (ရေလွှဲ)၊ (၄၅၀)ဧက

၁၈။ဘီးလူးမကန် (ကန်)၊ (၂၀)ဧက

၁၉။ကျောက်မိကျောင်း (ရေလွှဲ)၊ (၃၀၀)ဧက

၂၀။ကျောက်မိကျောင်း (ရေလွှဲ)၊ (၃၅၀)ဧက

၂၁။ရန်ပယ်ချောင်း (ရေလွှဲ)၊ (၂၀၀)ဧက

၂၂။လှည်းပွဲကြီးကန် (ကန်) (၃၀) ဧက

၂၃။ဆတ်သွားကန် (ကန်) (၃၀၀)ဧက

၂၄။ထန်းတောကြီးကန် (ကန်) (၁၂၀)ဧက

၂၅။ဆားဂတီမြောင်း (ရေလွှဲဆည်) (-)

၂၆။တောင်လှည်းဆည် (ရေလွှဲဆည်) (၁၀၀)ဧက

**<u>သစ်တောများ</u>**

တောင်တွင်းကြီးမြို့သစ်တောကြိုးဝိုင်းသည် (၁၃၆၀၇၅.၅၀)ဧက ကျယ်)န်းပြီး ကျွန်း၊ ပျဥ်းကတိုး၊ အင်၊ ကညင်၊ သစ်ဖြူ၊ ဖြူး၊ ရုံး၊ ယင်းမာ စသည့် အပင်များပေါက်ရောက်ပါသည်။

**<u>ဓါတ်အားခွဲရုံအမည်နှင့် ဖြန့်ဖြူးသည့်ဓါတ်အား(KW)</u>**

**<u>တောင်တွင်းကြီးဓါတ်အားခွဲရုံ(၃၇၀၇၆၃၇၆)(KW)</u>**

**<u>ထရန်စဖော်မာအရေအတွက်</u>**

| | | | |
|---|---|---|---|
| ၁။750KVA | အရေအတွက် ၂ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၁၂၀၀ |
| ၂။500KVA | အရေအတွက် ၁ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၄၀၀ |



| | | | |
|---|---|---|---|
| ၃။350KVA | အရေအတွက် ၁ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၂၈၀ |
| ၄။315KVA | အရေအတွက် ၂၃ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၅၇၉၆ |
| ၅။300KVA | အရေအတွက် ၄ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၉၆၀ |
| ၆။250KVA | အရေအတွက် ၃ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၆၀၀ |
| ၇။200KVA | အရေအတွက် ၂၂ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၃၅၂၀ |
| ၈။160KVA | အရေအတွက် ၂၄ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၃၀၇၂ |
| ၉။100KVA | အရေအတွက် ၃၆ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၂၈၈၀ |
| ၁၀။50KVA | အရေအတွက် ၁၉ | ဖြန့်ဖြူးသည့်ဓါတ်အားကီလိုဝပ် | ၇၆၀ |

**<u>ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း</u>**

**<u>ရထားနှင့်ဘူတာရုံများ</u>**

၁။ တောင်တွင်းကြီး-မကွေး

၂။ တောင်တွင်းကြီး-ပျဉ်းမနား

၃။ တောင်တွင်းကြီး-ပုဂံ

၄။ တောင်တွင်းကြီး-အောင်လံ

**<u>ကားဂိတ်များနှင့်ပြေးဆွဲသည့်ခရီးစဉ်များ</u>**

| | |
|---|---|
| ၁။ မြရတနာ | (တောင်တွင်းကြီး-ရန်ကုန်-မန္တလေး) |
| ၂။ မြို့သစ်ဒဂုံ | (တောင်တွင်းကြီး-ရန်ကုန်) |
| ၃။ အာရှ | (တောင်တွင်းကြီး-ရန်ကုန်) |

၄။ ရွှေတွင်းကြီး (တောင်တွင်းကြီး-ရန်ကုန်)

၅။ ခိုင်မန္တလေး (တောင်တွင်းကြီး-ရန်ကုန်)

၆။ အောင်သစ္စာ (တောင်တွင်းကြီး-ရန်ကုန်)

၇။ AA (တောင်တွင်းကြီး-လားရှိုး-မူဆယ်)

၈။ အောင်ဖြိုးမန်း (တောင်တွင်းကြီး-လားရှိုး)

၉။ ဇာနည်အောင် (တောင်တွင်းကြီး-မကွေး-ပြည်-အောင်လံ-နေပြည်တော်)



၁၀။ စွယ်တော်ဖူး (တောင်တွင်းကြီး-မကွေး-လားရှိုး)

၁၁။ ရှမ်းမြေလတ် (တောင်တွင်းကြီး-တောင်ကြီး)

၁၂။ ဗဟိုလ်ဂိတ် (မင်းလှ-တောင်တွင်းကြီး-မန္တလေး)

၁၃။ ချမ်းသာအောင် (တောင်တွင်းကြီး-တောင်ကြီး)

၁၄။ အောင်ကျော်မိုး (တောင်တွင်းကြီး-အောင်လံ-ပြည်)

၁၅။ ပန်းတိုင် (တောင်တွင်းကြီး-မကွေး-လားရှိုး)

၁၆။ အောင်ကမ္ဘာ (တောင်တွင်းကြီး-မကွေး)

၁၇။ ကျော် (ပြည်-တောင်တွင်းကြီး-နေပြည်တော်)

၁၈။ပုဏ္ဏဝတီ (တောင်တွင်းကြီး-မကွေး)

**<u>စိုက်ပျိုးရေးလုပ်ငန်း</u>**

စိုက်ပျိုးထုတ်လုပ်သည့် အဓိကသီးနှံ(၁၀)မျိုးမှာ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံ၊ အစေ့ထုတ်ပြောင်းတို့ဖြစ်ပါသည်။

**<u>နှစ်ရှည်သီးနှံစိုက်ပျိုးမှုဧက</u>**

၁။ ထန်း (၁၄၀)ဧက

၂။ အုန်း (၁၂၉)ဧက

၃။ ကွမ်း (၂၀)ဧက

၄။ သရက် (၃၂၆)ဧက

၅။ သစ်တော် (၇)ကေ

**ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု**

၁။ ငရုတ် (၂၈၉၀)ကေ

၂။ ကြက်သွန်နီ (၆၂၁)ကေ

**စက်မှုလက်မှုလုပ်ငန်းများ**

**မြို့နယ်ရှိစက်ရုံများနှင့် အမျိုးအစား**

၁။ ပြောင်းဖူးစေ့စက်ရုံ

၂။ ကန်လှသကြားစက်ရုံ



၃။ ဝါကြိတ်စက်ရုံ

**မြို့နယ်ရှိအလုပ်ရုံများ**

မရှိပါ။

**အိမ်တွင်းစက်မှုလုပ်လက်မှုလုပ်ငန်းများ(အရေအတွက်)**

| | | |
|---|---|---|
| ၁။ | ဆန်စက် | (၃၂၂) |
| ၂။ | ဆီစက် | (၅၆) |
| ၃။ | ပဲခွဲစက် | (၃၉) |
| ၄။ | အိုးလုပ်ငန်း | (၁၅၀) |
| ၅။ | ဝါးထရံယက်လုပ်ငန်း | (၂၀၀) |
| ၆။ | အိမ်မိုးသက်ကယ်လုပ်ငန်း | (၁၀၀) |
| ၇။ | ပဲကြော်/ပဲကြော်လုပ်ငန်း | (၃၀၀) |
| ၈။ | မုန့်လုပ်ငန်း | (၂၀၀) |

**ဓါတ်ဆီ/ ဒီဇယ်အရောင်းဆိုင်**

၁။ New Day

၂။ ခိုင်ခိုင်ကျော်

၃။ ခိုင်ခိုင်ကျော်

၄။ ခိုင်ခိုင်ကျော်

၅။ ခိုင်ခိုင်ကျော်

၆။ ဝါဝါဝင်း

၇။ ရွှေလက်ပံ

၈။ မြင့်မိုရ်ဆု

၉။ K&T

၁၀။ K&T

၁၁။ K&T

၁၂။ ဆန်းသစ်



**<u>တံတားများ</u>**

**<u>ပေ(၁၈၀)အထက်တံတားများ</u>**

၁။ ဝက္ကသေး (၁/၂၆၈) အရှည်(၂၆၅)ပေ သံဘောင်ကွန်ကရစ်

၂။ ကုက္ကိုခွ (၄/၂၉၂) အရှည် (၆၄၂)ပေ သံကူကွန်ကရစ်

**<u>ဟိုတယ်နှင့်တည်းခိုခန်းများ</u>**

တောင်တွင်းကြီးမြို့နယ်တွင် ဟိုတယ်(၁)ခု၊ မိုတယ်(၂)ခု၊ တည်းခိုခန်း(၈)ခု ရှိပါသည်။

**<u>ပညာရေးကဏ္ဍ</u>**

**<u>အဆင့်မြင့်ပညာရေး</u>**

မရှိပါ။

**<u>အခြေခံပညာပေး</u>**

**<u>အ.ထ.ကကျောင်းများ</u>**

| စဉ်၊ | ကျောင်းအမည် | တည်နေရာ |
|---|---|---|
| ၁။ | အထက(၁) | (တောင်ပြင်-၁) |
| ၂။ | အထက(၂) | (ရွှေအိုး-၂) |

| | | |
|---|---|---|
| ၃။ | အထက(၃) | (မောင်းတိုင်-၁) |
| ၄။ | အထက(ကင်းချောင်း) | (ကင်ပွန်းတောင်) |
| ၅။ | အထက(ဆတ်သွား) | (ဆတ်သွား) |
| ၆။ | အထက(ကိုးပင်) | (ကိုးပင်) |
| ၇။ | အထက(ကုက္ကိုခွ) | (ကုက္ကိုခွ) |
| ၈။ | အထက(ကုက္ကိုကုန်း) | (ကုက္ကိုကုန်း) |
| ၉။ | အထက(၄)မိုးထိ | (ရွှေအိုး-၁) |
| ၁၀။ | အထက(ဂုံညင်းတန်း) | (ဂုံညင်းတန်း) |
| ၁၁။ | အထက(တက်ပုအောင်း) | (ကြို့ချောင်း) |
| ၁၂။ | အထက(ကပစ-၁၈) | ကုက္ကိုကုန်း |
| ၁၃။ | အထက(ပရပ်ကြယ်) | (ပရပ်ကြယ်) |



**<u>အထကကျောင်းခွဲများ</u>**

| **စဉ်၊** | **ကျောင်းအမည်** | **တည်နေရာ** |
|---|---|---|
| ၁။ | အထက(ခွဲ)ဂက္ကသေး | (ဂက္ကသေး) |
| ၂။ | အထက(ခွဲ)ချောက်ကြား | (ပန်းသွင်းကြီး) |
| ၃။ | အလက(၃)အထက(ခွဲ) | (အုန်းတော) |
| ၄။ | အထက(ခွဲ)ငမင် | (ငမင်) |
| ၅။ | အထက(ခွဲ)ချောင်းနက် | (ချောင်းနက်) |
| ၆။ | အထက(ခွဲ)ရွာသာ | (အောင်းစု) |
| ၇။ | အထက(ခွဲ)အောင်ခိုင် | (တောင်လျှောင်း) |
| ၈။ | အထက(ခွဲ)သဲဖြူ | (ဆီမီးထွန်း) |
| ၉။ | အထက(ခွဲ)ကျောက်တောင် | (ကုလားမ) |
| ၁၀။ | အထက(ခွဲ)မထီစံပြ | (ဟင်္ဂရော်) |
| ၁၁။ | အထက(ခွဲ)ပျဉ်းချောင်း | (ပတ်လည်ကြီး) |

| | | |
|---|---|---|
| ၁၂။ | အထက(ခွဲ)ရှမ်းကိုင်း | (ရှမ်းကိုင်) |
| ၁၃။ | အထက(ခွဲ)ဇီးတော | (ဇီးတော) |

**<u>အလကကျောင်းများ</u>**

(၂၆)ကျောင်းရှိပါသည်။

**<u>အလကကျောင်း(ခွဲ)များ</u>**

(၂၆)ကျောင်းရှိပါသည်။

**<u>မူလတန်းလွန်ကျောင်းများ</u>**

(၅၁)ကျောင်းရှိပါသည်။

**<u>အမကကျောင်းများ</u>**

(၁၁၀)ကျောင်းရှိပါသည်။

**<u>မူလတန်းကြိုကျောင်းများ</u>**

(၇)ကျောင်းရှိပါသည်။



**<u>ဘုန်းတော်ကြီးသင်ပညာရေးကျောင်း</u>**

| စဉ် | ကျောင်းအမည် | တည်နေရာ |
|---|---|---|
| ၁။ | ဂုံညင်းတန်း | ဂုံညင်းတန်း |
| ၂။ | ကြက်လျှာ | ကြက်လျှာ |
| ၃။ | ညောင်ကုန်း | ညောင်ကုန်း |

**<u>ကျန်းမာရေးကဏ္ဍ</u>**

**<u>ဆေးရုံများ</u>**

| စဉ် | ဆေးရုံအမည် | တည်နေရာ |
|---|---|---|
| ၁။ | မြို့နယ်ဆေးရုံ | ရွှေကြာအင်း-၂ |
| ၂။ | ကုက္ကိုကုန်းတိုက်နယ် | ကုက္ကိုကုန်း |

| | | |
|---|---|---|
| ၃။ | ကိုးပင်တိုက်နယ် | ကိုးပင် |

**ဆေးပေးခန်းများ**

| စဉ်၊ | အမည် | တည်နေရာ | ကုသသည့်ရောဂါ |
|---|---|---|---|
| ၁။ | မဏိမေခလာ | အုန်းတော-၁ | အထွေထွေ |
| ၂။ | ဒေါက်တာစိုးနန္ဒာထက် | အုန်းတော-၂ | အရေပြား |
| ၃။ | ဒေါက်တာချစ်ကိုကိုဝေ | ဆတ်သွား | အထွေထွေ |
| ၄။ | မြတ်သုခ | ရွှေအိုး-၂ | အထွေထွေ |
| ၅ | ဒေါက်တာလှမောင် | အုန်းတော-၂ | အထွေထွေ |
| ၆။ | ဒေါက်တာကြည်မျိုး | ရွှေအိုး-၂ | အထွေထွေ |
| ၇။ | ဒေါက်တာမျိုးမြင့်သိန်း | တောင်ပြင်-၂ | အထွေထွေ |
| ၈။ | ဒေါက်တာသန်းနိုင် | အုန်းတော-၂ | အထွေထွေ |
| ၉။ | ဒေါက်တာအောင်ကျော်မြင့် | တောင်ပြင်-၁ | သွားနှင့်ခံတွင်း |
| ၁၀။ | ဒေါက်တာဇော်ဇော်အောင် | ရွှေကြားအင်း-၂ | အထွေထွေ |
| ၁၁။ | ဒေါက်တာအေးမြထွန်း | ဆတ်သွား | အထွေထွေ |
| ၁၂။ | ဒေါက်တာကျော်ဆွေ | တောင်ပြင်-၂ | သွားနှင့်ခံတွင်း |
| ၁၃။ | ဒေါက်တာဆွေမြင့် | ရွှေအိုး-၂ | အထွေထွေ |



**ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ**

| စဉ် | ကျေးလက်ကျန်းမာရေးဌာနအမည် |
|---|---|
| ၁။ | ကုက္ကိုကုန်းကျေးလက်ကျန်းမာရေးဌာန |
| ၂။ | ဆတ်သွားကျေးလက်ကျန်းမာရေးဌာန |
| ၃။ | ငမင်ကျေးလက်ကျန်းမာရေးဌာန |
| ၄။ | ပရပ်ကြယ်ကျေးလက်ကျန်းမာရေးဌာန |
| ၅။ | ကံပေးကြီး ကျေးလက်ကျန်းမာရေးဌာန |
| ၆။ | ကုက္ကိုခွ ကျေးလက်ကျန်းမာရေးဌာန |

၇။ ကိုးပင် ကျေးလက်ကျန်းမာရေးဌာန

၈။ ဇီးတော ကျေးလက်ကျန်းမာရေးဌာန

**စဉ် ကျေးလက်ကျန်းမာရေးဌာနခွဲအမည်**

၁။ ပျဉ်းချောင်း ကျေးလက်ကျန်းမာရေးဌာန

၂။ ညောင်မှော် ကျေးလက်ကျန်းမာရေးဌာန

၃။ ကြို့ချောင်း ကျေးလက်ကျန်းမာရေးဌာန

၄။ အိုးပေါက် ကျေးလက်ကျန်းမာရေးဌာန

၅။ နှစ်ကျပ်ခွဲ ကျေးလက်ကျန်းမာရေးဌာန

၆။ တောင်လျှောင်း ကျေးလက်ကျန်းမာရေးဌာန

၇။ ချောင်းနက် ကျေးလက်ကျန်းမာရေးဌာန

၈။ ဂတ္တသေး ကျေးလက်ကျန်းမာရေးဌာန

၉။ ရေပြည့် ကျေးလက်ကျန်းမာရေးဌာန

၁၀။ ကံသာ ကျေးလက်ကျန်းမာရေးဌာန

၁၁။ ဖျောက်ဆိပ်ကုန်း ကျေးလက်ကျန်းမာရေးဌာန

၁၂။ ထန်းပင်ကုန်း ကျေးလက်ကျန်းမာရေးဌာန

၁၃။ မယ်ဇလီကုန်း ကျေးလက်ကျန်းမာရေးဌာန

၁၄။ ပန်းသွင်းလေး ကျေးလက်ကျန်းမာရေးဌာန

၁၅။ ရွှာသာ ကျေးလက်ကျန်းမာရေးဌာန



၁၆။ ခင်တဲ ကျေးလက်ကျန်းမာရေးဌာန

၁၇။ သပြေပင် ကျေးလက်ကျန်းမာရေးဌာန

၁၈။ ဥသျှစ်ကုန်း ကျေးလက်ကျန်းမာရေးဌာန

၁၉။ ဆိပ်ဖူးကျင်း ကျေးလက်ကျန်းမာရေးဌာန

၂၀။ လက်ပံပု ကျေးလက်ကျန်းမာရေးဌာန

၂၁။ ညာတော ကျေးလက်ကျန်းမာရေးဌာန

၂၂။ လိပ်တိုက် ကျေးလက်ကျန်းမာရေးဌာန

၂၃။ လက်တက် ကျေးလက်ကျန်းမာရေးဌာန

၂၄။ ယာကြီးတော ကျေးလက်ကျန်းမာရေးဌာန

၂၅။ ကျောင်းတော်ရာ ကျေးလက်ကျန်းမာရေးဌာန

၂၆။ ရေတွင်းကောင်း ကျေးလက်ကျန်းမာရေးဌာန

၂၇။ ပန်းတောလေး ကျေးလက်ကျန်းမာရေးဌာန

၂၈။ ကြမ်းကြား ကျေးလက်ကျန်းမာရေးဌာန

၂၉။ ကသာ ကျေးလက်ကျန်းမာရေးဌာန

၃၀။ သဲဖြူ ကျေးလက်ကျန်းမာရေးဌာန

၃၁။ ဝံအော် ကျေးလက်ကျန်းမာရေးဌာန

၃၂။ ညောင်ကုန်း ကျေးလက်ကျန်းမာရေးဌာန

၃၃။ လက်ပံရှည် ကျေးလက်ကျန်းမာရေးဌာန

၃၄။ ရှမ်းကိုင်း ကျေးလက်ကျန်းမာရေးဌာန

၃၅။ ဆုံကုန်း ကျေးလက်ကျန်းမာရေးဌာန

၃၆။ ပရပ်ကြယ် ကျေးလက်ကျန်းမာရေးဌာန

၃၇။ မထီ-စံပြ ကျေးလက်ကျန်းမာရေးဌာန

၃၈။ အင်ကြင်းကုန်း ကျေးလက်ကျန်းမာရေးဌာန

၃၉။ အင်ကုန်း ကျေးလက်ကျန်းမာရေးဌာန

၄၀။ ကတက်ကုန်း ကျေးလက်ကျန်းမာရေးဌာန

၄၁။ ကွမ်းခြံစု ကျေးလက်ကျန်းမာရေးဌာန



၄၂။ ပန်းတော်ကွက် ကျေးလက်ကျန်းမာရေးဌာန

၄၃။ ချောက်ကြား ကျေးလက်ကျန်းမာရေးဌာန

၄၄။ ပွင့်လှကြီး ကျေးလက်ကျန်းမာရေးဌာန

**ဒေသအတွင်းအများဆုံးဖြစ်တတ်သောရောဂါများ**

ဝမ်းလျှော၊ တီဘီ၊ ဝမ်းကိုက်၊

**ဘာသာရေးဆိုင်ရာအချက်အလက်များ**

**<u>ဗုဒ္ဓဘာသာဆိုင်ရာသာသနိကအဆောက်အဦများ</u>**

| စဉ် | ဘုရား၊စေတီ၊ပုထိုးအမည် | တည်နေရာ |
|---|---|---|
| ၁။ | ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော် | မောင်းတိုင်-၁ |
| ၂။ | အောင်မြင်ဇေယျစေတီတော် | ရွှေကြာအင်း-၁ |
| ၃။ | ရွှေရောင်တော်စေတီတော် | လက်ပံရှည်အုပ်စု |

**<u>သမိုင်းဝင်ထင်းရှားသောအဆောက်အဦနှင့်နေရာများ</u>**

| စဉ် | သမိုင်းဝင်အဆောက်အဦ | တည်နေရာ |
|---|---|---|
| ၁။ | ဗိဿနိုးမြို့ဟောင်း | ကုက္ကိုခွ |

**<u>အခြားဘာသာရေးအဆောက်အဦများ</u>**

**<u>ခရစ်ယာန်ဘာသာ(ဘုရားကျောင်း)</u>**

မြို့ပေါ် (၁)ကျောင်း

ကျေးလက် (၄)ကျောင်း

**<u>အစ္စလာမ်ဘာသာ(ဗလီ)</u>**

မြို့ပေါ် (၁)ကျောင်း

ကျေးလက်မရှိပါ။


**<u>တရုတ်ဘုရားကျောင်း</u>**

မရှိပါ။

**<u>ဟိန္ဒူဘုရားကျောင်း</u>**

မြို့ပေါ် (၂)ကျောင်း

ကျေးလက်မရှိပါ။


N
တောင်တွင်းကြီးမြို့နယ်
စကေး ၁ လက်မ • ၃. ၅ မိုင်
မြို့သစ်မြို့နယ်
တပ်ကုန်းမြို့နယ်
မကွေးမြို့နယ်
လယ်ဝေးမြို့နယ်
ဆင်ပေါင်ဝဲမြို့နယ်

# တောင်တွင်းကြီးမြို့ ရပ်ကွက်အခြေပြ မြေပုံ

